**Elders အဖွဲ့၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းခရီး။ ။ ၂၀၁၄ ခုနှစ် မတ်လ ၂၃ ရက် မှ ၂၈ ရက်**

Elders အဖွဲ့မှ မြန်မာနိုင်ငံသို့ မတ်လ ၂၃ ရက်မှ ၂၈ ရက်အထိ ဒုတိယအကြိမ် ပြန်လည်သွားရောက်ခဲ့ပါသည်။ ၎င်းကိုယ်စားလှယ်အဖွဲ့အား (Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ) နော်ဝေးနိုင်ငံဝန်ကြီးချုပ်ဟောင်း ဂရိုဟာလမ် ဘရန့်တလန်မှ ဦးဆောင်ခဲ့ပြီး ထိုအဖွဲ့တွင် ဖင်လန်နိုင်ငံသမ္မတဟောင်း မာတီ အာတီဆာရီ ပါဝင်ခဲ့ပါသည်။ သမ္မတဟောင်း ဂျင်မီ ကာတာ ဦးဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် သွားရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့တွင် ၎င်းတို့ နှစ်ဦးစလုံးမှာ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

လုပ်ငန်းအသစ်၏အဓိကရည်မှန်းချက်မှာ Elders အဖွဲ့မှ ကွဲပြားသည့်ဆက်ဆံရေးများ တည်ဆောက်ရန်၊ ပြည်သူ့ လူမှု အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူနည်းစုအဖွဲ့များနှင့် အခြေခံလူတန်းစားအဖွဲ့အစည်းများ ပါဝင်ရေးအတွက် ဆက်ဆံရေးများ တိုးချဲ့ ရန်၊ တစ်ချိန်တည်းမှာပင် ဦးသိန်းစိန်အစိုးရ၊ တပ်မတော် စသည်တို့နှင့် ဆက်ဆံရေး ပိုမို လေးနက် ခိုင်မာစေရန် ဖြစ်ပါသည်။ ဘက်ပေါင်းစုံ၏ပြောပြချက်များကို နားထောင်ရေးမှာ Elders အဖွဲ့၏ အဓိကရည်မှန်းချက်အဖြစ် အမြဲပင်ရှိနေပါသည်။

မြို့တော်နေပြည်တော်တွင် သမ္မတဦးသိန်းစိန်၊ (တပ်မတော် စစ်ဦးစီးချုပ်) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တာဝန်ကျသူ သမ္မတရုံးဝန်ကြီး) ဦးအောင်မင်းတို့နှင့် အလေးအနက် ဆွေးနွေးရန် ထပ်မံဖိတ်ခေါ်ခဲ့သည့်အတွက်လည်း Elders အဖွဲ့မှ ဝမ်းမြောက်မိပါသည်။ (လွှတ်တော်ဥက္ကဋ္ဌ) သူရ ဦးရွှေမန်း၊ အခြား လွှတ်တော်ခေါင်းဆောင်များတို့နှင့် ပထမဆုံးအကြိမ် တွေ့ခွင့်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါသည်။

ထို့နောက်တွင် ပြေလည်ခြင်းမရှိသေးသည့် ကချင်ပြည်နယ်ရှိ ပဋိပက္ခအကြောင်း လေ့လာရန် Elders အဖွဲ့မှ မြစ်ကြီးနားသို့ သွားရောက်ခဲ့ပါသည်။ မြစ်ကြီးနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် လဂွမ်ဂျန်ဆိုင်နှင့် ၎င်း၏ဝန်ကြီးအဖွဲ့၊ ဒေသခံ ကချင်ရပ်မိရပ်ဖများနှင့် ကချင်အမျိုးသမီးများသမဂ္ဂ၊ ရှားအစ် လူမှုဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း၊ ကျောင်းသားကျောင်းသူများ စသည်တို့အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ခဲ့ကြပါသည်။ ဖြစ်ပေါ်နေဆဲ ပဋိပက္ခကြောင့် အိုးအိမ်မဲ့နေသည့် ရွာသူရွာသား ရာပေါင်းများစွာအတွက် မြို့ပြင်တွင်ဖွင့်လှစ်ထားသည့် စခန်း တစ်ခုကိုလည်း သွားရောက်ခဲ့ပါသည်။ ၎င်းတို့ခရီးအစောပိုင်းတွင် Elders အဖွဲ့မှ ကချင်လူ့ပ်ရှားသူ စိုင်းရော်နှင့် ရန်ကုန်တွင်၎င်း၊ ကချင်လွှတ်တော်ကိုယ်စားလှယ် ဒွိုင်ဘုနှင့် နေပြည်တော်တွင်၎င်း တွေ့ခဲ့ပါသည်။

ကချင်ပြည်နယ်မှတဆင့် Elders အဖွဲ့သည် ဆယ်စုနှစ်ပေါင်းများစွာကြာသည့် မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသရှိ ပဋိပက္ခကြောင့် ပြည်သူများ၏ဘဝအပေါ် မည်သို့သက်ရောက်မှုရှိခဲ့သည်ကို ကိုယ်တိုင်မြင်တွေ့ကြားသိရန် (မတ်လ ၂၆ မှ ၂၈ ရက်) ထိုင်းနိုင်ငံမြောက်ပိုင်းသို့ လေယာဉ်ဖြင့် သွားရောက်ခဲ့ပါသည်။ Elders အဖွဲ့မှ ထိုင်း/မြန်မာနယ်စပ်ရှိ မဲလဒုက္ခသည်စခန်းနှင့် မဲတော်ကျန်းမာရေးဆေးခန်းများသို့ သွားရောက်ခဲ့ပါသည်။ မဲဆောက်တွင် ကရင် ကျန်းမာရေး ဌာနများ၊ လူမှုဖူလုံရေးနှင့် ပညာရေး၊ ကရင်အမျိုးသမီးများ အဖွဲ့အစည်း၊ ပြည်တွင်း အိုးအိမ်မဲ့ကရင်လူမျိုးများ ကော်မတီ၊ ကရင်လူငယ်အဖွဲ့အစည်းနှင့် ကရင်လူ့အခွင့်အရေး အဖွဲ့တို့အပါအဝင် ကရင်အရပ်ဖက် လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

အမျိုးသားအပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးပွဲများ၏ အခြေအနေ၊ သဘောတူညီမှုလက်မှတ်ရေးထိုးပြီးနောက် ပေါ်ပေါက်လာရန်မျှော်လင့်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အလားအလာများ စသည်တို့အပေါ် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ရန် နောက်နေ့ ချင်းမိုင်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစုပေါင်းထားသည့် စည်းလုံးညီညွတ်သည့်အမျိုးသားများ ဖက်ဒရယ်ကောင်စီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်နှင့်လည်း တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုအပေါ် သုံးသပ်ချက်များ

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် အဓိကနေရာအချို့၌တိုးတက်မှုရှိကြောင်းတွေ့ရသည့်အတွက် Elders အဖွဲ့မှ ကျေနပ်မိပါသည်။ ကြောက်ရွံ့မှု လျော့နည်းလာသည်ကို သိသာထင်ရှားစွာ မြင်နေရပြီး အဆင့်တိုင်းမှ ပြည်သူများက တရားမျှတမှုမရှိဟု ယူဆသည့်အကြောင်းအရာများအပေါ် လူသိထင်ရှား လိုလိုလားလား ထုတ်ဖော်ပြောဆိုလိုစိတ်ရှိနေသည်က စည်းကားသိုက်မြိုက်ပြီး အများပါဝင်မှုရှိသည့် ဒီမိုကရေစီယဉ်ကျေးမှု ပေါ်ပေါက်ရေးအတွက် အားတက်စရာကောင်းသည့် လက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။

အောက်ပါတို့မှာ ပြည်တွင်းပြည်ပရှိ ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပြောဆိုဆွေးနွေးမှုအပေါ်တွင် အခြေခံ၍ နိုင်ငံရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းရေးရှုထောင့်အချို့အပေါ် Elders အဖွဲ့၏ သုံးသပ်ချက်များ ဖြစ်ပါသည်။ ။

- အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အကောင်းမြင်ခြင်းနှင့် မျှော်လင့်ချက်များကို Elders အဖွဲ့မှ အတော်များများ ကြားခဲ့ကြပါသည်။ အစိုးရခေါင်းဆောင်များမှ တာရှည်ခံပြီး အများပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးရရှိရန် ခိုင်မာသည့် ခံယူချက် ဆက်လက်ရှိနေသည်ကို ၎င်းတို့မှ ကျေနပ်နှစ်သက်မိပါသည်။ ထို့အပြင် နိုင်ငံတော် အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများတွင် တပ်မတော်ကိုယ်စားလှယ်များပါဝင်မှု ပိုမိုများပြားလာသည်မှာ ဤသမိုင်းဝင်ပဋိပက္ခတွင် အဓိကဇာတ်ကောင်ဘက်၏ အားသစ်လောင်းနိုးကြွသည့်ခံယူချက်ကို ထင်ဟပ်ပုံရပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များမှာလည်း ယခင်ထက်ပိုပြီး စည်းလုံးကာ ငြိမ်းချမ်းရေးအတွက် ခံယူချက်မှာ ယခင်ထက် ပိုမိုခိုင်မြဲ၍ အဓိကပြဿနာများအပေါ် ညှိနှိုင်းလိုစိတ်၊ အပေးအယူလုပ်လိုစိတ်များ ရှိကြောင်း သက်သေပြခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏အဓိကပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စု ရယူရန်လည်း အပြင်းအထန်တောင်းဆိုလျက် ရှိပါသည်။ အစိုးရနှင့်ဆွေးနွေးပွဲများတွင် တိုင်းရင်းသားခေါင်းဆောင်တို့၏ လက်တွေ့ကျမှုကို ချီးကျူးသော်လည်း ၎င်းတို့၏လူစုအချို့မှာ တိုးပွားရှင်သန်နေသည့် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုကဲ့သို့ တရားမဝင်လုပ်ငန်းများတွင် ပါဝင်နေကြောင်း ပြောဆိုမှုများကြောင့် Elders အဖွဲ့မှာ စိုးရိမ်ခဲ့ရပါသည်။

လက်ရှိဒေသတွင်းအပစ်အခတ်ရပ်စဲမှုကြောင့် ပေါ်ပေါက်သည့် အကျိုးကျေးဇူးများအကြောင်း ကရင်ပြည်နယ်ရှိ ဒုက္ခသည်များ၊ အိုးအိမ်မဲ့လူဦးရေများနှင့်လုပ်ကိုင်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO) များမှ တင်ပြခဲ့ပါသည်။ ၎င်းအကျိုးကျေးဇူးများတွင် ဒေသခံပြည်သူများအကြား ကြောက်ရွံ့မှုအဆင့်များ လျော့နည်းသွားခြင်း၊ စားဝတ်နေရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်ခြင်းနှင့် လူမှုအသိုင်းအဝိုင်းများ၊ အစိုးရအာဏာပိုင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်စိတ်ချမှု တည်ဆောက်ခြင်းများ တိုးပွားလာခြင်းတို့ ပါဝင်ပါသည်။ သို့ရာတွင် ဤဖြစ်ရပ်ကောင်းများတွင် သတိပေးချက်များနှင့် သံသယများလည်း ရှိနေပါသည်။ သဘောတူညီမှုရထားသော အပစ်အခတ်ရပ်စဲရေးမှာ အားနည်းနေဆဲဖြစ်ပြီး လက်ဆုပ်လက်ကိုင် ပြနိုင်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ မရှိပါက ခံစားရသောအကျိုးကျေးဇူးများ တာရှည်ခံမည်မဟုတ်ဟု တိုက်ရိုက် သက်ရောက်ခံရသူအများအပြားမှ ယူဆပါသည်။

တင်ပြလာသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဒေသများရှိ တိုက်ပွဲများမှာလည်း စိုးရိမ်စရာဖြစ်ပါသည်။ နေပြည်တော်တွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ တိုက်ပွဲအားလုံး ရပ်စဲသွားပြီဖြစ်ကြောင်း Elder အဖွဲ့အား အခိုင်အမာ ပြောကြားခဲ့ပါသည်။ သို့ရာတွင် တပ်မတော်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပေါ်နေသည့် နေရာများရှိနေဆဲဖြစ်ကြောင်း တွေ့ဆုံခဲ့သည့် ကချင်များမှ ပြောပါသည်။ ကရင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကချင်တို့၏ အတွေ့အကြုံအပြင် ကရင်ပြည်နယ်မြေတွင် တပ်မတော်နှင့်အစိုးရ၏ စစ်ချီမှုများ ၎င်းတို့ကိုယ်တိုင် တွေ့ရပုံတို့ကို ပြောပြခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေးမှာ ၎င်းတို့၏သဘာဝသယံဇာတများအား ပြင်ပလူများမှ ခေါင်းပုံဖြတ်ရန်၊ မြေယာလုယက်ခြင်းများ တိုးချဲ့ရန်၊ သို့မဟုတ် တစ်ချိန်ချိန်တွင် တပ်မတော်မှ ထပ်မံထိုးစစ်ဆင်ရန်အတွက်ပင် အကြောင်းပြချက်သာဖြစ်နိုင်ကြောင်း ၎င်းတို့တွင် ကာလရှည်ကြာစွာရှိနေသည့် စိုးရိမ်မှုအား ထုတ်ဖော် ပြောခဲ့ပါသည်။

- *နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှု*

မြန်မာနိုင်ငံ၏နိုင်ငံရေးလုပ်ငန်းစဉ်တွင် ဖွဲ့စည်းပုံအခြေခံပြုပြင်ပြောင်းလဲမှုမှာ အလွန်အမင်းအရေးကြီးသည့်ကိစ္စတစ်ခု ဖြစ်သော်လည်း အလားအလာမှာ ရှင်းလင်းမှု မရှိသေးပါ။ ပြုပြင်ပြောင်းလဲရန်လိုကြောင်း နိုင်ငံရေးနှင့် တပ်မတော်

ခေါင်းဆောင်များမှ အသိအမှတ်ပြုသော်လည်း နိုင်ငံတော်အချုပ်အခြာအာဏာ တည်တန့်ခိုင်မြဲရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၏အရေးပါပုံကို အလေးထားပြောကြားကာ ဗဟိုအာဏာခွဲဝေပေးရာတွင် ကန့်သတ်နိုင်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့ပါသည်။ Elders အဖွဲ့၏ခရီးစဉ်တွင် ဆုံတွေ့ခဲ့သည့် တိုင်းရင်းသား အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဦးစားပေးရမည့်အရာများအား "စစ်မှန်သည့် ဖက်ဒရယ်မှု"နှင့် ပြည်နယ်နှင့် ဒေသန္တရအာဏာပိုင်များအား ဆုံးဖြတ်ချက်ချသည့်အာဏာခွဲဝေပေးခြင်း ဟု ဖော်ပြခဲ့ပါသည်။

ဗဟိုမှအာဏာချုပ်ကိုင်မှုအား လက်လွှတ်ပေးပါက ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၏ နောက်ရှုထောင့်တစ်ရပ်အား အထောက်အကူပြုရာ ရောက်ပါမည်။ ၎င်းမှာ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များတွင် ရှိနေပြီးသားဖြစ်သည့် CSO များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAG) များ၏ ဝန်ဆောင်မှုပေးသည့် ဖွဲ့စည်းတည်ဆောက်ပုံများ၏ အခန်းကဏ္ဍကို အစိုးရမှအသိအမှတ်ပြုရန် လိုသည့်အချက်ပင်ဖြစ်ပါသည်။ ဤလုပ်နိုင်စွမ်းနှင့် ပင်ကိုယ်စွမ်းရည်အစုအပေါင်းအား အစိုးရ၏ ဖွဲ့စည်းတည်ဆောက်မှုများနှင့် ပူးပေါင်းပေးပါက နက်ရှိုင်းစွာ ကွဲပြားနေသည့် နိုင်ငံတစ်နိုင်ငံတွင် ရေရှည်ပြန်လည်ပူးပေါင်းရေးနှင့် ပြန်လည်စည်းလုံးရေးအတွက် အလားအလာများကို ခိုင်မာစေနိုင်ပါသည်။

- *နိုင်ငံတော် လူဦးရေသန်းခေါင်စာရင်း*

အနှစ် ၃၀ ကျော်တွင် ပထမဆုံးအကြိမ်အဖြစ် ဧပြီလအစောပိုင်းတွင် ကောက်ယူသည့် လူဦးရေသန်းခေါင်စာရင်းမှာ လက်ရှိမြန်မာနိုင်ငံတွင် အငြင်းပွားဖွယ်ရာအများဆုံးနှင့် သဘောထားကွဲလွဲစေဆုံး ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ပြင်ဆင်မှုအပေါ် ဝေဖန်ချက်များနှင့် ထိုသန်းခေါင်စာရင်းမှာ အုပ်စုများအကြား သဘောထားကွဲလွဲစေသည့်ကိရိယာ တစ်ခုဖြစ်နိုင်ခြင်းအတွက် စိုးရိမ်ချက်များအား Elders အဖွဲ့မှ ကြားခဲ့ရပါသည်။ လူဦးရေသန်းခေါင်စာရင်းမှာ တိုင်းရင်းသားတို့ မည်သူမည်ဝါဖြစ်ကြောင်း ထိထိရောက်ရောက် ဖော်ပြရန် စီစဉ်ထားခြင်း မဟုတ်ကြောင်း ဗမာမဟုတ်သည့် အုပ်စုတိုင်းက ၎င်းတို့၏စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆို ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျသည့်လူဦးရေသန်းခေါင်စာရင်း၏ အရေးပါပုံကို Elders အဖွဲ့က လုံးဝအသိအမှတ်ပြုပါသည်။ တစ်ချိန်တည်းမှာပင် - အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ အသိအမှတ်ပြုမထားသည့် ရိုဟင်ဂျာလူနည်းစုများ အပေါ် - ပုံစံတကျခွဲခြားဆက်ဆံမှုမှာ လူဦးရေ သန်းခေါင်စာရင်းကောက်ယူမှုအတွက် နောက်ခံပိတ်ကားဖြစ်နေပြီး နိုင်ငံတော်လူနေမှုဘဝ၏ နယ်ပယ်အားလုံးတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် ပါဝင်မှုတို့ ပိုမိုလိုအပ်သည် ဟူသည့်အချက်ကို ထောက်ခံထားပါသည်။

- *အမျိုးသားအမျိုးသမီး တန်းတူမှု*

တွေ့ဆုံခဲ့သူအားလုံးမှ အမျိုးသားအမျိုးသမီး တန်းတူရေးနှင့်ပတ်သက်၍ ပါးစပ်စကားမျှသာ ပြောခဲ့သော်လည်း အစိုးရဖြစ်စေ၊ တိုင်းရင်းသားအုပ်စုများရှိ အမျိုးသားခေါင်းဆောင်များမှဖြစ်စေ အမျိုးသမီးများအား ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် ပါဝင်ခွင့်မပြုသေးကြောင်း အမျိုးသမီးအများအပြားမှ Elders အဖွဲ့အား အသိပေးခဲ့ကြပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းတွင်၎င်း၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုများတွင် မြန်မာအမျိုးသမီးများ ရှေ့တန်းမှရှိနေသည်မှာ ထင်ရှားပါသည်။ သို့ရာတွင် Elders အဖွဲ့မှ ကိုယ်တိုင် မြင်တွေ့ခဲ့သည့်အတိုင်း နိုင်ငံရေးဘဝတွင် ၎င်းတို့၏ပါဝင်မှုမှာ အလွန်ပင်နည်းနေပါသေးသည်။

- *နိုင်ငံတကာ အထောက်အပံ့နှင့် ဖွံ့ဖြိုးတိုးတက်မှု*

ဆင်းရဲသည့် နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရေးပါကြောင်းကို Elders အဖွဲ့နှင့် တွေ့ဆုံခဲ့သူတိုင်းက အသိအမှတ်ပြုခဲ့ပါသည်။ ၎င်းမှာ ဖြစ်သင့်သည့်အတိုင်း နိုင်ငံတော်အစိုးရ၏ ထိပ်တန်းဦးစားပေးအရာ ဖြစ်ပါသည်။ သို့ရာတွင် ပြည်သူလူထုနှင့် စစ်မှန်စွာ တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပုံ နှင့်ပတ်သက်၍ စိုးရိမ်ကြောင်း တက်ကြွလှုပ်ရှားသူများမှ ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာ အထောက်အပံ့ အချို့အား အသုံးပြုပုံကြောင့် မရည်ရွယ်ဘဲ ထိခိုက်သည့်သက်ရောက်မှုများ ရှိနိုင်သည်ဟုလည်း ၎င်းတို့ယူဆပါသည်။ ဤစိုးရိမ်မှုများအား Elders အဖွဲ့မှ ဂရုပြုခဲ့ပါသည်။

ဤသည်နှင့်ပတ်သက်၍ အထူးကိစ္စနှစ်ခု ဆွေးနွေးစရာပေါ်ပေါက်လာပါသည်။ ။

၁။ နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာပြုပြင်မှုများ၊ လူမှုအသိုင်းအဝိုင်းများ၏ ရပိုင်ခွင့်များကို ကာကွယ်ရန် အလေ့အထ ဖွံ့ဖြိုးမှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများမှာ တရားမဝင် မြေယာလုယက်မှုများနှင့်

အခြားသောချိုးဖောက်မှုများ ကျူးလွန်ရန်အားပေးသည့် အန္တရာယ်အလားအလာများ ရှိနေပါသည်။ လူမှုစီးပွားရေး မညီမျှမှုမှာ ပိုမိုနက်ရှိုင်းလာနိုင်ပါသည်။
၂။ ပံ့ပိုးထောက်ပံ့မှုပေးနေသည့်အဖွဲ့အစည်းများအပေါ် တောင်းဆိုမှုများ တိုးပွားနေချိန်တွင် မြန်မာနိုင်ငံ ပွင့်လင်းလာခြင်းကြောင့် ထိုင်း/မြန်မာ နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်အသိုင်းအဝိုင်းများ အတွက် ပံ့ပိုးမှု ကျဆင်းလာခဲ့ပါသည်။ ဒုက္ခသည်များမှာ ၄င်းတို့စွန့်ခွာခဲ့သော ဒေသများရှိ အခြေအနေများအကြောင်း ခိုင်လုံသည့်အချက်အလက်များလည်း ရနိုင်ခြင်းမရှိပါ။ နေရပ်ပြန်ရေးတွင် အထောက်အကူပြုသည့် တည်ငြိမ်အေးချမ်းသည့် အခြေအနေများဖန်တီးရန် ရည်ရွက်ချက်ကောင်းများဖြင့် ပြုလုပ်ထားသည့် စီမံကိန်းများမှာ အတင်းအကျပ် နေရပ်ပြန်ပို့ခံရမှုအတွက် စိုးရိမ်နေစိတ်များကို ပိုမိုကြီးထွားမိစေနိုင်ပါသည်။

## သုံးသပ်ချက်များ

ပါဝင်မှုတိုးမြှင့်ပေးရန်၊ လူမှုအသိုင်းအဝိုင်းအတွင်း ဆယ်စုနှစ်ပေါင်းများစွာယုံကြည်မှုကင်းမဲ့ခြင်းကို ကျော်လွှားရန်နှင့် လူဦးရေအတွင်း ကွဲပြားမှုအမျိုးမျိုးနှင့် စွမ်းရည်များအား အပြည့်အဝ ထင်ဟပ်ပေးရန် Elders အဖွဲ့မှ အစိုးရအား တိုက်တွန်းပါသည်။ လွန်ခဲ့သည့်နှစ်အတွင်းကျင်းပခဲ့သည့် အမျိုးသားအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများမှာ ကောင်းမွန်သည့် ရလဒ်များဖြင့် ရှေ့သို့တက်လှမ်းပုံရသည့်အတွက်လည်း အားတက်စွာဖြင့် ဤနိုင်ငံမှ ထွက်ခွာ ခဲ့ကြပါသည်။ စာချုပ် လက်မှတ်ရေးထိုးပြီးသည်နှင့် တပြိုင်နက် ဆယ်စုနှစ်ပေါင်းများစွာကြာ ပေါ်ပေါက်သည့် ပဋိပက္ခ နောက်ကွယ်ရှိ အဓိကပြဿနာများအား ဖြေရှင်းပြီး အားလုံးပါဝင်သော်လည်း ကိုင်တွယ်နိုင်သည့် အတိုင်းအတာရှိ နိုင်ငံရေးလုပ်ငန်းစဉ်ဆီသို့ အလျင်အမြန် မပြောင်းမဖြစ်ပြောင်းရန် လိုအပ်သည်ဟု ၄င်းတို့ယူဆပါသည်။ တစ်ချိန်တည်းမှာပင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများမပြုမီ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအား ပြုပြင်ရေးဆွဲရန် လိုအပ်သည်ဟု ၄င်းတို့ယူဆပါသည်။

လာမည့်နှစ်များတွင် မြန်မာနိုင်ငံ၊ ၄င်း၏အစိုးရ၊ စစ်တပ်နှင့် အခြားသောပြည်သူ့အဖွဲ့အစည်းများ၊ ကြွယ်ဝပြီး ကွဲပြားသော လူမှုအသိုင်းအဝိုင်းတို့နှင့် ဆက်လက်ပြီး အပြည့်အဝပူးပေါင်းဆောင်ရွက်ရေးအတွက် ၄င်းတို့၏ ရည်ရွယ်ချက်ကို Elders အဖွဲ့မှ ထပ်မံအတည်ပြုပါသည်။